အဓမ္မလုပ်အားပေးစေခိုင်းမှုကြောင့် မွန်ပြည်သစ်ပါတီနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့ ပဋိပက္ခဖြစ်ပွား

လွတ်လပ်သောမွန်သတင်းအေဂျင်စီ
မေလ ၂၆ ရက်၊ ၂၀၀၃

နအဖစစ်အစိုးရအနေဖြင့် လမ်းဖောက်လုပ်မှု ပြုလုပ်ရာတွင် အဓမ္မလုပ်အားပေးစေခိုင်းခြင်း ပြုလုပ်နေသည်ကို မွန်ပြည်သစ်ပါတီက ကန့်ကွက်သောကြောင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အပြစ်တင်ရှုတ်ချကြောင်း မွန်ပြည်သစ်ပါတီအသိုင်းအဝိုင်းက ဆိုပါသည်။

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ ကော့ဘိန်း – ကျုံဒိုး ကားလမ်းသစ် ဖောက်လုပ်ရာတွင် စစ်အစိုးရက ဒေသခံ မွန်ရွာသူ/သားများအား အဓမ္မစေခိုင်းရန် ရွာသူကြီးအား အမိန့်ပေးခဲ့ပြီး လုပ်ဆောင်စေပါသည်။ နောက်ပိုင်းတွင် မွန်ပြည်သစ်ပါတီက ဒေသခံရွာသူ/သားများ အဓမ္မစေခိုင်းခြင်း ပြုလုပ်နေသည်ကို ကန့်ကွက်သောကြောင့် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က သထုံခရိုင် မွန်ပြည်သစ်ပါတီ တာဝန်ရှိသူများကို မေလ (၁၂) ရက်နေ့က ခေါ်ယူပြီး ''ကျုပ်တို့စီမံကိန်းကို ခင်ဗျားတို့ မနှောင့်ယှက်ပါနဲ့'' ဟု ပြတ်ပြတ်သားသား အပြစ်တင်ဝေဖန်ခဲ့သည်။

ဤလမ်းသည် (၁၆) မိုင်ရှည်ပြီး မတ်လ ၁၀ ရက်နေ့က စတင်ဖောက်လုပ်ပြီး ယခုအချိန်အထိ လေးမိုင်ခန့်သာ ပြီးဆုံးခဲ့သည်။ လမ်းတလျှောက်တွင် ရွာပေါင်း (၂၅) ရွာခန့်ရှိပြီး အိမ်ခြေ (၃၀၀) ကျော်ရှိသည့် ခရစ်ရွာကဲ့သို့ ရွာငယ်များသည် ပေ (၇၄၀၀) လုပ်အားပေး လုပ်ဆောင်ပေးခဲ့ရသည်။

အိမ်ခြေ (၂၀၀၀) ကျော်ရှိသည့် ကော့ဘိန်းကျေးရွာအုပ်စုသည် ပထမအကြိမ်တွင် တစ်မိုင် ဖောက်လုပ်ပေးရပြီး ယခု ဒုတိယအကြိမ်းတွင် နောက်ထပ်တစ်မိုင် ဖောက်လုပ်ပေးရလျှက်ရှိသည်။ ခွဲတမ်းဖြင့် လမ်းဖောက်ရသောကြောင့် ငွေကြေးမတတ်နိုင်သည့် အိမ်များသည် ကလေးနှင့် အသက်ကြီးရွယ်အိုများ သွားရောက် လုပ်ကိုင်နေရသည်ဟု မွန်ပြည်သစ်ပါတီ အသိုင်းအဝိုင်းက ဆိုပါသည်။ ငွေကြေးတတ်နိုင်သူများက သုံးပေကွက် တစ်ကွက်ကို (၂၀၀၀) ကျပ်ဖြင့် လူငှားရပြီး နှစ်ရက်၊ သုံးရက်ကြာ လုပ်ပေးရသည်ဟု ဆိုပါသည်။

ဤလမ်းဖောက်လုပ်မှုကို ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒု–ဗိုလ်မှူးကြီး ကိုကိုကြီးက ဦးဆောင်တာဝန်ယူခဲ့သည်။

''အဓမ္မလုပ်အားပေး စေခိုင်းမှုဟာ ၁/၉၉ နဲ့ငြိစွန်းနေတယ်၊ ကားနဲ့လုပ်ယင် ကျနော်တို့ လုံခြုံရေးတာဝန် ယူပေးမယ်'' ဟု မွန်ပြည်သစ်ပါတီ ခရိုင်အရာရှိတဦးက ဒု–ဗိုလ်မှူးကြီး ကိုကိုကြီးအား ပြောကြားသည်ဟု မွန်ပြည်သစ်ပါတီ အဆင့်မြင့်အရာရှိတဦးက လွတ်လပ်သော မွန်သတင်းအေဂျင်စီ (IMNA) ကိုပြောပြပါသည်။

တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်သည် အပစ်အခတ်ရပ်စဲရေးကို သဘောမကျသော စစ်ခေါင်းဆောင်တဦးဖြစ်သောကြောင့် မွန်ပြည်သစ်ပါတီနှင့် ဆက်ဆံရေး မပြေလည်ခဲ့သည်မှာ နှစ်နှစ်ခန့်ရှိသည်ဟု ထိုသူကဆိုပါသည်။